မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

January 23 , 2025 Volume 86 , Number 17

၂၃ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၂.၃၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၆.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၁.၈၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၃.၈၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၇၆ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အိန္ဒိယအစိုးရက ပဲစင်းငုံလွတ်လပ်စွာတင်သွင်းခွင့်တစ်နှစ်သက်တမ်းတိုးပြီးနောက် ပြည်တွင်းဈေးကွက်တွင် ဈေးမြင့်တက်၊အဝယ်သွက်လာ



အိန္ဒိယအစိုးရက ပဲစင်းငုံလွတ်လပ်စွာတင်သွင်းခွင့် တစ်နှစ်သက်တမ်းတိုးပြီးနောက် ပြည်တွင်းဈေးကွက်တွင် ဈေးမြင့်တက်၊ အဝယ်သွက်လာကြောင်း ပဲ၊နှမ်းကုန်သည်များထံကသိရသည်။

အိန္ဒိယအစိုးရက ပြည်ပမှပဲစင်းငုံလွတ်လပ်စွာတင်သွင်းခွင့်ကိုလာမည့် ၂၀၂၆ ခုနှစ် မတ်လကုန်ထိ သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခဲ့ကြောင်းအသိပေးစာကို ဇန်နဝါရီ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၂,၈၀၀,၀၀၀ ဈေးဖွင့်ခဲ့သော်လည်း ဇန်နဝါရီ ၂၁ ရက်နေ့မှ စတင်ကာ တစ်တန်လျှင် ငွေကျပ် ၂,၉၆၅,၀၀၀ ထိဈေးမြင့်တက်လာပြီး ဆက်လက်ဈေးမြင့်တက်နိုင်ကြောင်းကုန်သည်များကသုံးသပ်ထားသည်။

ပဲစင်းငုံနှင့်အတူ မတ်ပဲ၊မြေထောက်ပဲတို့လည်းဈေးမြင့်တက်ခြင်းမရှိသေးသော်လည်း အဝယ်သွက်လာကြောင်း ပဲစင်းငုံမှာ ဇန်နဝါရီ ၂၂ ရက်နေ့ ညနေပိုင်း မန္တလေးဈေးကွက်အပိတ်ချိန်ထိ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ ပေါက်ဈေးဖြစ်လာကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

“ပဲစင်းငုံဈေးကဒီနေ့ဆိုရင် ဈေးကောင်းလာပါတယ်။ အိန္ဒိယက သက်တမ်းတိုးပေးလိုက်တော့ ဈေးကွက်ထဲမှာ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၇၀,၀၀၀ ကျော်ပေါက်ဈေးရှိရာကနေ ဈေးကွက်ပိတ်အချိန်ထိ ငွေကျပ် ၂၉၀,၀၀၀ ထိပေါက်ဈေးရှိလာပါတယ်။ ပို့ကုန်ပဲစင်းငုံအပေါ်လိုက်ပြီး အတူတင်ပို့တဲ့ မတ်ပဲနဲ့မြေထောက်ပဲလည်း အရောင်းအဝယ်တက်လာပါတယ်” ဟု ၎င်းကပြောသည်။

မန္တလေး ပဲ၊နှမ်းဈေးကွက်တွင် ပို့ကုန်ပဲစင်းငုံနှင့် မြေပဲလုံးဆန်တို့ကအရောင်းအဝယ်

သွက်နေပြီးအခြားပဲမာလိုင်းများနှင့် ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ အရောင်းအဝယ်ပုံမှန် သာရှိနေသည်။

ဇန်နဝါရီ ၂၂ ရက် မန္တလေးပဲ၊နှမ်းဈေးကွက်တွင် ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးကွက်တွင်အဝင်ရှိသလောက်ဝယ်ယူမှုများနေကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုမူဝါဒအရ မြန်မာနိုင်ငံမှမတ်ပဲနှင့်ပဲစင်းငုံကို ယခု ၂၀၂၅ ခုနှစ် မတ်လအထိ လွတ်လပ်စွာတင်သွင်းခွင့်ရရှိထားပြီး၊ မြန်မာနှင့်အိန္ဒိယနိုင်ငံကြား G to G အစီအစဉ်ဖြင့် မတ်ပဲနှင့်ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရလည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ နှစ်စဉ်မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့်ပဲစင်းငုံတန်ချိန်တစ်သိန်းတို့ကို ပုဂ္ဂလိကကုန်သွယ်မှုကဏ္ဍကနေ တင်ပို့ခွင့်ရရှိထားခြင်းကြောင့် ယခုလိုဈေးမြင့်တက်အဝယ်တက်လာခြင်းဖြစ်သည်။

**Source : မကွေးဂျာနယ်**

## ကျိုင်းတုံမြို့၌ ပန်းဂေါ်ဖီ (ခေါ်) ပန်းမုန်လာများ ထွက်ပေါ်၍ အကျိုးအမြတ်ရရှိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းလပ်၊ မိုင်းဇင်း၊ ကတ်ထိုက်၊ လွယ်လုံ၊ ကတ်ဖ စသည့် ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး ပန်းဂေါ်ဖီကိုစီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ပန်းဂေါ်ဖီကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဆောင်းရာသီ၌ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပန်းဂေါ်ဖီကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ထွက်ပေါ်ကြောင်း၊ ပန်းဂေါ်ဖီစိုက်ပျိုးရာတွင် မြေကိုထွန်ယက်၍ဘောင်ခတ်စနစ်ဖြင့်စိုက်ပျိုးကြပြီး မျိုး၊ ထွန်ယက်ခ၊ သယ်ယူပို့ဆောင်ခ၊ သွင်းအားစုနှင့် လုပ်အားခအပါအဝင်တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၉ သိန်းခန့်ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့်ထွက်ရှိသောပန်းဂေါ်ဖီများကို ကျိုင်းတုံမြို့မဈေး၊ ယန်းခန်းဈေး၊နောင်ကွမ်ဈေးများသို့တင်ပို့ရောင်းချကြကြောင်း ပန်းဂေါ်ဖီစိုက်တောင်သူများထံက သိရသည်။

**Source : DOCA (ရှမ်း)**

https://commerce.gov.mm/

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း နေလှည့်သီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ




မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်သည် အပူပိုင်းဒေသဖြစ်သည့်အတွက် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သော နေလှည့်ပင်များသည် ယခင်က အလေ့ကျပေါက်ရောက်ပြီး ယခုအခါတွင်တောင်သူများက မြေလွတ်မြေရိုင်းများပေါ်တွင် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

နေလှည့်ပင်များကို ဩဂုတ်လတွင် စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ယက်၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးပြီးတစ်ဧကလျှင် မျိုးစေ့သုံးပြည်ခန့်ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် နှစ်သိန်းခန့်ကုန်ကျကြောင်း၊ နေလှည့်သီးများရင့်မှည့်ချိန်တွင် အပင်အောက်ခြေမှ အကိုင်းများကိုခုတ်ယူ၍ အကိုင်းများမှ အသီးများကိုတုတ်ဖြင့်ရိုက်ခြွေရကြောင်း၊နေလှည့်ပင်စိုက်ပျိုးမှုတွင် ကနဦး စိုက်ပျိုးသည့် စရိတ်သာ ကုန်ကျပြီး ကျန်နှစ်

များတွင် အဆိုပါအင်္ဂါပိုများမှ ပြန်လည်ထွက်လာသည့် အတက်မှ နေလှည့် သီးများ ကို ထပ်မံရယူရကြောင်း၊ အထွက်နှုန်း အနေဖြင့် တစ်ကေလျှင် နေလှည့်စေ့ ၆-၇ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နေလှည့်စေ့များကို ကျောက်ဆည် မြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့တို့သို့ တင်ပို့ကြောင်း၊ နေလှည့်စေ့ကို ကြိတ်ခွဲ၍ အဆီထုတ်ကာ တိုင်းရင်းဆေးအဖြစ်အသုံးပြုကြောင်း၊ နေလှည့်ပင်သည် မြေလွတ်မြေရိုင်းများပေါ်တွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရသဖြင့် ကုန် ကျစရိတ်သက်သာပြီး ဝင်ငွေများစွာရရှိကြောင်း တောင်သူတစ်ဦးထံက သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ကွမ်းခြံသမားများဈေးကွက်ရရှိနေ




ပဲခူးတိုင်းဒေသကြီး (အနောက်) ၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ် အတွင်းတွင် ကွမ်းရွက်စိုက်ပျိုးခြင်းဖြင့် တောင်သူများ တစ်နှစ်ပတ်လုံး ဝင်ငွေ များ ရရှိနေကြောင်း သိရသည်။

ကွမ်းရွက်ကို ပေါင်းတည်မြို့နယ်အတွင်းရှိ ဖားယားကြီးကျေးရွာ၊ ကျွဲတဲ ကြီးကျေးရွာ၊ ရှားစေးဘိုကျေးရွာ၊ လက်ပံပါးပျဉ်းကျေးရွာ၊ မဲခေါင်ကျေးရွာ၊ ကျွန်းတောလှကျေးရွာ၊ ဝက်မြေလူးကျေးရွာ၊ လယ်ဦးစုကျေးရွာ၊ ကေရာဇ်ကုန်း ကျေးရွာနှင့်အခြားကျေးရွာများတွင်လည်း စီးပွားဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုး ကြပါသည်။

ယခု ၂၀၂၄ ခုနှစ် မိုးရာသီကွမ်းညွန့်စိုက်ပျိုးချိန်တွင် ကွမ်းညွန့်တစ်ညွန့် ၃၀၀ - ၅၀၀ ကျပ်နှုန်းပေါက်ဈေးရှိပြီး သြဂုတ်လဒုတိယပတ် ကွမ်းရွက်ဈေး နှုန်းများ မှာ ခြံပေါက်ဈေး တစ်ပိဿာ ၄၀၀၀ ကျပ်နှုန်းရှိကြောင်း သိရသည်။

ယခင်ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ကွမ်းရွက်တစ်ပိဿာ ၁၀၀၀ကျပ်အထိကျဆင်းခဲ့သောကွမ်းရွက်ဈေးနှုန်းများမှာရာသီ ဥတုဖောက်ပြန်မှုကြောင့် အပျက်အစီးများရှိသဖြင့် ဈေးနှုန်းပြန်လည်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ကွမ်းရွက်ပင်စိုက်ပျိုးရာတွင် ကွမ်းညွန့်ကိုစိုက်ပျိုးရပြီး မိုးရာသီနှင့်ဆောင်းရာသီတို့တွင် မိမိတို့စိတ်ကြိုက်ခြံများမှ ကွမ်းညွန့် များကို ဝယ်ယူစိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

မိုးရာသီတွင် စိုက်ပျိုးပါကရှင်သန်ကြီးထွားမှုမြန်ပြီး ရောဂါကျရောက်မှုများကြောင်း ဆောင်းရာသီစိုက်ပျိုးပါက ရှင်သန်ကြီး ထွားမှုအသင့်အတင့်ရှိပြီး ရောဂါကျရောက်မှုနည်းကြောင်းသိရသည်။

ကွမ်းညွန့်ကိုစိုက်ပျိုးမည်ဆိုပါကတစ်ပေခွဲခန့်ရှိသောကွမ်းညွန့်အောက်ခြေမှအရွက်နှစ်ရွက်ခန့်ကိုဖြုတ်၍ အဆစ်နှစ်ဆစ်မြှုပ် ပြီး အလျားလိုက်မြေမြှုပ်ကာ စိုက်ပျိုးပေးရသည်။

ထို့နောက် ဝါးခြမ်းပြားတိုင်(သို့မဟုတ်)မျှင်ဝါးတိုင်တွင်ကပ်၍ သင်အူ(သို့မဟုတ်)လျှော်ကြိုးဖြင့်ချည်ပေးရပြီးစိုက်ပျိုးပြီး(၄-၅) လကြာပါကကွမ်းရွက်များစတင်ခူးဆွတ်နိုင်ကြောင်းနှင့်ကွမ်းစိုက်တောင်သူများတစ်နှစ်ပတ်လုံးဝင်ငွေများရရှိနေကြောင်းသိရသည်။

https://htwettoe.com/

## ချင်းဈေးထက်ဝက်ခန့် ဈေးကျနေ




ပြည်ပတင်ပို့ဖို့အခက်ခဲရှိနေသည့်အတွက် ပြီးခဲ့သည့်နှစ်ဖြင့်ယှဉ်ပါက ချင်းဈေးထက် ဝက်ခန့်ဈေးကျဆင်းနေကြောင်းကုန်သည်များထံကသိရသည်။

ပြည်တွင်းထွက်ချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အဓိကတင်ပို့နေရခြင်းဖြစ် ပြီး အဆိုပါ နိုင်ငံကို တင်ပို့နေတဲ့အဓိကလမ်းကြောင်းများ အဆင်မပြေနေခြင်းကြောင့် အခုချိန်ထိ တင်ပို့နိုင်ခြင်း မရှိသေးကြောင်း ကုန်သည်များကဆိုသည်။

ပြီးခဲ့သည့်နှစ်က ချင်းဈေးတစ်ပိဿာကို ၇၀၀၀ မှ ၈၀၀၀ ကြား ရရှိခဲ့ပြီး လက်ရှိမှာတော့ ၂၀၀၀ မှ ၃၀၀၀ ခန့်သာ ရှိတော့ကြောင်း သိရသည်။

"ချင်းဈေးတက်ဖို့ အစီစဉ်မရှိသေးပါ။ဘာင်္လားဒေ့ရှ်ကို ရခိုင်လမ်းကြောင်းကနေပို့လို့မရသေးလို့ပါ။ အခုက ရခိုင်လမ်းကြောင်းပိတ်ထားတာကြာပြီ၊ ကုန်း လမ်းလဲမရ၊ ရေလမ်းကလဲ အဆင်မပြေဘူး အဓိကဆွဲတဲ့ လမ်းကြောင်းပျောက်သွားတယ်" ဟုရှမ်းပြည်နယ်အောင်ပန်းကုန်စည်အမျိုးမျိုးရောင်းဝယ်လုပ်ကိုင်သူတစ်ဦးကပြောသည်။

လက်ရှိ ရှမ်းပြည်နယ်၊ အောင်ပန်းတွင် မြေနီချင်း အခက်ကြီး တစ်ပိဿာလျှင် ၃၀၀၀ ကျပ်၊ အကြီးအသေးရော တစ်ပိဿာလျှင်၂၅၀၀ ကျပ်သာ ရှိကြောင်း သိရသည်။

လက်ရှိ ချင်းကိုပြည်တွင်းသုံးစွဲမှုမှာလည်းနည်းနေခြင်းကြောင့်ဈေးကွက်အေးနေရခြင်းဖြစ်ကြောင်းသုံးသပ်ကြသည်။

ပြည်တွင်းအခြေအနေများဖြစ်ပေါ်နေ၍ လမ်းကြောင်းများပိတ်ထားသည့်အတွက် ပြည်ပသို့တင်ပို့နေသည့် ကုန်သည်အချို့မှာလည်း ချင်းအဝယ်ရပ်ထားရကြောင်း ပြောသည်။

"လက်ရှိကုန်စိမ်း တော်တော်များများကျသွားတယ်။ လမ်းကြောင်းမပွင့်လို့ကုန်သည်တွေကအခုချိန်အထိ အခက်အခဲဖြစ်နေတာ ။ ပစ္စည်းရှိပြီး တင်ပို့လို့မရတော့ ဈေးကကျသွားတယ်" ဟု ကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှာ ချင်းကို ရှမ်းပြည်နယ်တောင်ပိုင်းတွင် မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် မတ်လတွင် တူးဖော်ကြကြောင်း သိရသည်။

ယခုနှစ် ချင်းအထွက်နှုန်းများ ပြီးခဲ့သည့်နှစ်လောက် မလှကြောင်း၊ အရမ်းနုသေးကြောင်း သိရသည်။

**Source :** https://htwettoe.com/

## တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ရန်ကုန်မြို့တွင် တွေ့မြင်ရမှုများ




မကြာခင်ကျရောက်မည့် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် နီးကပ်လာသည်နှင့်အမျှ ရန်ကုန်မြို့ ဈေးဝယ်စင်တာများတွင် တရုတ်နှစ်ကူးကို ကြိုဆိုရန် ပြင်ဆင်ထားသည့် မြင်ကွင်းများ ဖြစ်သည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကို ကြိုဆိုသည့်အနေဖြင့်လည်း တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်ပွဲဈေးကို လသာမြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီက ပြောသည်။

အဆိုပါပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ မဟာဗန္ဓုလလမ်း(လမ်းမတော်လမ်းမှ လသာလမ်း)တစ်လျှောက် နံနက် ၇ နာရီ မှ နေ့လယ် ၁၁ နာရီထိ ၊ ညနေ ၄ နာရီမှ ည ၁၁ နာရီထိ ၇ ရက် တိုင် တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်တွင် လူသုံးကုန်၊ အလှကုန်၊ အစားအသောက်မျိုးစုံကို ရောင်းချပေးမည့် ဈေးဆိုင်ခန်းများလည်းပါဝင်ကြောင်း၊ ထို့ပြင် ခြင်္သေ့နဂါးအလှအကပြိုင်ပွဲများ၊ နာမည်ကြီး DJ များ၏ ဖျော်ဖြေတင်ဆက်မှု၊ အနုပညာရှင်များ၊ အပျော်စီးလှေ၊ ကလေးကစားကွင်းများ၊ အလှဓာတ်ပုံရိုက်ရန် နေရာများကို ဖန်တီးပေးထားခြင်းအစရှိသည့် ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အဆိုပါ တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ပွဲဈေးကို လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ထားသည်။

ယင်းပွဲတော်တွင် ဈေးရောင်းချလိုသည့်မည်သူမဆိုပွဲတော်ကျင်းပရေးကော်မတီ ၀၉ – ၆၈၈၂၃၇၇၉၉ ၊ ၀၉ –၇၆၅၀၃၁၀ ၉၇ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

**Source : Popular News Journal**

## ထိုင်းနိုင်ငံ၌ အငယ်စားဆန်ကုန်သည်များအတွက် အခက်အခဲများကျန်ရှိနေဆဲ

ထိုင်းနိုင်ငံ၌ ဇန်နဝါရီလနှောင်းပိုင်းတွင် ပြောင်းလဲလာဖွယ်ရှိသည့် ဆန်ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲအပေါ် ထောက်ခံသော်လည်း အငယ်စားလုပ်ငန်းများတွင်နိုင်ငံတကာဈေးကွက်သို့ဝင်ရောက်ရန်အခက်အခဲများကြုံတွေ့နေရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့ကြောင်း သိရသည်။

လုပ်ငန်းငယ်များ၏ ဆန်တင်ပို့မှုနှင့်တောင်သူများအတွက်အခွင့်အလမ်းများတိုးမြှင့်ရရှိရန်ရည်ရွယ်၍ ဆန်ကုန်သွယ်မှုနှင့် စပ်လျဥ်းသည့်လုပ်ထုံးလုပ်နည်းအပေါ်ကော်မတီကခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ၊ထို့ပြင်လက်ဝါးကြီးအုပ်သည့်ပုံစံများကိုလည်း ဖြိုခွင်း သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအတွက်ဆန်လက်ကျန်လိုအပ်ချက်များကိုလည်းချိန်ညှိသွားမည်ဖြစ်ရာ ဇန်နဝါရီလ ကုန်တွင် အသက်ဝင်မည်ဖြစ်ကြောင်း၊ တောင်သူအုပ်စုများနှင့် သမဝါယမအသင်းသားများသည် ဆန်လက်ကျန်ထားရှိရန် မလို အပ်တော့ဘဲ လုပ်ငန်းငယ်များအနေဖြင့် ဘတ် ၁၀ သန်းအထက် မတည်ရင်းနှီးငွေဖြင့် မှတ်ပုံတင်ထားပါက ဆန်လက်ကျန် လိုအပ်ချက် ယခင်တန်ချိန် ၅၀၀ မှ ယခုအခါတွင် တန်ချိန် ၁၀၀ သို့ လျှော့ချသတ်မှတ်ပေးခဲ့ကြောင်း ဝန်ကြီးက ၁၉၄၆ ဆန်ကုန် သွယ်မှုအက်ဥပဒေ (အပိုင်း ၁/၂၀၂၅) ၏ ပထမအကြိမ်လုပ်ငန်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယခုမူဝါဒသည်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက်ကုန်ကျစရိတ်ကိုလျှော့ချပေးသဖြင့် ပို့ကုန်လုပ်ငန်းရှင်များကလည်း ထောက်ခံသဘောတူညီကြပါကြောင်း၊ မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ပါက စိန်ခေါ်မှုများစွာကြုံတွေ့ရနိုင်ပါကြောင်း၊ ပို့ကုန်ဈေးကွက်များရှာဖွေခြင်းနှင့် အလုပ်လုပ်ကိုင်ရန် အရင်းအနှီးရရှိရေးသည် ဆန်ကုန်သည်များအတွက် အရေးကြီးပါကြောင်း၊မူဝါဒကိုပိုမိုအသက်ဝင်စေလိုပါကအစိုးရအနေဖြင့် အတိုးမဲ့ဘဏ္ဍာငွေရင်းမြစ်များကို ဆောင်ရွက်ပေးစေလိုပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဆန်ကုန်သွယ်မှုကိုထိရောက်စွာဝင်ရောက်နိုင်ရန်ဖြစ်ကြောင်း ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က သုံးသပ်အကြံပြုခဲ့သည်။

လုပ်ထုံးလုပ်နည်းအသစ်တွင် ဆန်ပို့ကုန်ခွင့်ပြုမိန့်အတွက် အခကြေးငွေကိုပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ တောင်သူအုပ်စုများနှင့် သမဝါယမအသင်းသားများသည် ပို့ကုန်ခွင့်ပြုမိန့်အခကြေးငွေပေးချေရခြင်းမှ ကင်းလွတ်ခွင့်ရှိပါကြောင်း၊ မတည်ရင်းနှီးငွေ ဘတ် ၁၀ သန်းဖြင့် မှတ်ပုံတင်ထားသော အထွေထွေပို့ကုန်ခွင့်ပြုမိန့်အတွက် လျှောက်ထားလာသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုမိန့်အခကြေးငွေကို ယခင် ဘတ် ၅၀,၀၀၀ မှ ဘတ် ၁၀,၀၀၀ သို့ လျှော့ချခဲ့ကြောင်း၊ မတည်ရင်းနှီးငွေ ဘတ် ၁၀ သန်းမှ သန်း ၂၀ ကြား ကုမ္ပဏီများအတွက် ဘတ် ၃၀,၀၀၀၊ ၁၂ ကီလိုဂရမ် ဆန်အိတ်များ ထုပ်ပိုးတင်ပို့သည့်လုပ်ငန်းရှင်များသည် ယခင် ဘတ် ၂၀,၀၀၀ မှယခု ဘတ် ၁၀,၀၀၀ အသီးသီး ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး အဆင့်ဆင့်ခွင့်ပြုချက်ရရှိပါက မတ်လတွင်အပြီးသတ်နိုင်မည်ဟုမျှော်လင့်ထားကြောင်းဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

နောက်တစ်ဆင့်အနေဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည်ထုတ်လုပ်ရန်နှင့် ကမ္ဘာ့ဈေးကွက်သို့ယှဉ်ပြိုင်စေလိုကြောင်း၊ ထိုင်းနှင့်တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးနှစ် ၅၀ ပြည့်အခမ်းအနားကို တရုတ်နိုင်ငံတွင်ကျင်းပမည်ဖြစ်ရာ ဝန်ကြီးချုပ် ကိုယ်တိုင်တက်ရောက်မည်ဖြစ်ပြီး ခရီးစဉ်တွင် ယခင်ဝန်ကြီးချုပ်ဟောင်း Yingluck Shinawatra အစိုးရလက်ထက် အစိုးရအချင်းချင်းအစီအစဉ်ဖြင့် ဆန်တန်ချိန် ၁ သန်း တင်ပို့ခြင်းမှ ဆန်တန်ချိန် ၂၈၀,၀၀၀ ပေးပို့ခဲ့မှုအတွက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ပေးပို့မှုကို ယခုနှစ်အတွင်းအပြီးသတ်ရန်တရုတ်နိုင်ငံအနေဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီး Mr. Pichai က ဆက်လက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com ।**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ကမ္ဘာ့တစ်ခုတည်းသော ရုရှားရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံက တစ်နာရီလျှင် ကီလိုဝပ်တစ်ဘီလီယံကို ထုတ်လုပ်



ရုရှားနိုင်ငံ၏ ကမ္ဘာပေါ်တွင်တစ်ခုတည်းသော လည်ပတ်နေသည့် ရေပေါ်လျှပ်စစ်ဓာတ် အားထုတ်လုပ်ရေးစက်ရုံသည် တစ်နာရီလျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်တစ်ဘီလီယံကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် Rosatom နျူကလီးယားကော်ပိုရေးရှင်းကထုတ်ပြန်သည်။

Akademik Lomonosov ဟုအမည်ပေးထားသည့် အဆိုပါရေပေါ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံသည်ရုရှားအရှေ့ဖျားဒေသရှိ ချူကော့တာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌တည်ရှိပြီး လက်ရှိတွင် အပူနှင့်လျှပ်စစ်စွမ်းအားကိုထုတ်လုပ်ပေးနေသည့် ကမ္ဘာကြီး၏မြောက်ဘက်အကျဆုံးသောစက်ရုံအဖြစ် ရပ်တည်လျက်ရှိသည်။

၎င်းစက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားပမာဏ၏ ၆၀ ရာခိုင်နှုန်းကျော်ကို အရှေ့ဖျားဒေသ၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

Akademik Lomonosov ဓာတ်အားထုတ်လုပ်ရေးစက်ရုံသည် ရုရှားနျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောများတွင် အသုံးပြုသည့် နည်းပညာကိုအသုံးပြုထားပြီးလောင်စာအဖြစ်အဆင့်နိမ့်သန့်စင်ထားသည့်ယူရေနီယံကိုအသုံးပြုထားခြင်းဖြစ်သည်။

၎င်းစက်ရုံသည် အလျား ၁၄၄ မီတာ၊ အကျယ် ၃၀ မီတာရှိသည်။

အဆိုပါဓာတ်အားထုတ်လုပ်ရေးစက်ရုံကို ရုရှားနိုင်ငံက အာတိတ်ဒေသနှင့်အရှေ့ဖျားဒေသများရှိဝေးလံသီခေါင်သော ဆိပ်ကမ်းမြို့ကြီးများရှိ စက်မှုဇုန်ကြီးများသို့ ဓာတ်အားပေးနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။

**Source:** https://myawady.net.mm/

## ကမ္ဘောဒီးယားအစိုးရသည် စပါးဈေးနှုန်းတည်ငြိမ်စေရန်အထူးထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ အားပေးအပ်ခဲ့



ကမ္ဘောဒီးယားအစိုးရသည် လယ်သမားများထံမှ စပါးဝယ်ယူရန် အထူးရန်ပုံငွေအမေရိကန်ဒေါ်လာသန်း ၃၀ ပေးအပ်ခဲ့ပြီး စပါးဈေးနှုန်းများမြင့်တက်နေချိန်တွင်ဈေးကွက်တည်ငြိမ်စေရန် ကူညီပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇန်နဝါရီ ၁၅ ရက်နေ့ညက ကမ္ဘောဒီးယားရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သောသတင်းစာရှင်းလင်းပွဲတွင် အစိုးရပိုင်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်၏အမှုဆောင်အရာရှိချုပ် Kao Thach က စိုက်ပျိုးရေးကဏ္ဍအထူးသဖြင့် တောင်သူများ ၏ အသက်မွေးဝမ်းကြောင်းကို အစိုးရက အမြဲတမ်းအလေးထားဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။

စပါးဈေးကွက်တည်ငြိမ်စေရေးအတွက် လယ်သမားများထံမှစပါးဝယ်ယူရန် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ တစ်ဆင့်နောက်ထပ်အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ပေးအပ်ရန်အတွက် ဇန်နဝါရီ ၁၆ ရက်နေ့က ဆုံးဖြတ်ချက်ချလိုက်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ယခင်နှစ်များက တစ်ကီလိုဂရမ်လျှင် ၁၃၅၀ riel (၀ ဒသမ၃၃ဒေါ်လာ) ခန့်မှ ယခုနှစ်ဇန်နဝါရီလမှစ၍ OM ဆန်စပါးမျိုးများ

ဈေးနှုန်းမှာ သိသိသာသာကျဆင်းသွားပြီးနောက် ယခုလှုပ်ရှားမှုထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

စပါးဈေးနှုန်းများတည်ငြိမ်နေစေရန် အစိုးရက ၂၀၁၆ ခုနှစ်မှ စတင်ကာ အထူးရန်ပုံငွေဒေါ်လာ သန်း ၂၀၀ ကျော်ပေးထားကြောင်း Kao Thanch ၏ ပြောကြားချက်အရ သိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ရုရှားနှင့် အာဆီယံနိုင်ငံများအကြား အပြန်အလှန်ခရီးစဉ် လည်ပတ်မှု ၁ သန်းကျော်ရှိ

ရုရှားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ခရီးသွားဝင်ရောက်မှုသည် ၂၀၂၄ ခုနှစ်တွင် ခရီးစဉ်ပေါင်း ၁ သန်းအထိ ရောက်ရှိခဲ့ပြီး ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့က အမြင့်ဆုံးကိန်းဂဏန်းများကိုပြသခဲ့ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အရှေ့တောင်အာရှနိုင်ငံများသည် ရုရှားခရီးသွားများအတွက် လူကြိုက်အများဆုံးခရီးစဉ်များထဲတွင်ရှိနေပြီး ၂၀၂၄ ခုနှစ်တွင် အပြန်အလှန်ခရီးသွားဝင်ရောက်မှုသည် ခရီးစဉ်ပေါင်း ၁ သန်း အထိ ရောက်ရှိခဲ့ကြောင်း၊ ထိုင်း၊ ဗီယက်နမ်နှင့်အင်ဒိုနီးရှားတို့သည် အစဉ်အလာအရ အမြင့်ဆုံးကိန်းဂဏန်းများရရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းအချက်အလက်များကို ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Vladimir Ilyichev က မလေးရှားနိုင်ငံ၊ Johor မြို့တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ရုရှား-အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတွင် တက်ရောက်လာသူများကို ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတက်ရောက်သူများသည် ရုရှားနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားခရီးသွားလုပ်ငန်းကဏ္ဍတွင် ဆက်ဆံရေးတိုးချဲ့ရေးဆိုင်ရာ တိုးတက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံသားခရီးသွား ၁ ဒသမ ၇၂၆ သန်းသည် ထိုင်းနိုင်ငံသို့ သွားရောက် လည်ပတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မှတ်တမ်းတင်ထားသော အမြင့်ဆုံးအရေအတွက်ထက် ကျော်လွန်သွားကြောင်း၊ ရုရှားနိုင်ငံသားခရီးသွား ၂၃၂,၃၀၀ သည် ဗီယက်နမ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ ပြီး ယခင်နှစ်(၁၂၅,၆၁၀)နှင့် နှိုင်းယှဉ်ပါက ၈၄ ဒသမ ၉ ရာခိုင်နှုန်း ပိုများခဲ့ကြောင်း၊ ရုရှားနိုင်ငံသား ခရီးသွား ၁၆၁,၀၀၀ သည် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဆ တိုးတက်ခဲ့ကြောင်း သိရသည်။

**Source : (စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (23.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,891 (Shares) | 13,870,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 7,900 | 8,000 | 7,900 | 262 | 2,075,700 | 33,109,694 | 264,878 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 2 | 6,300 | 38,929,150 | 122,627 |
| MCB | 00003 | 8,200 | -300 | -3.53% | 8,400 | 8,400 | 8,200 | 7 | 58,600 | 10,400,986 | 85,288 |
| FPB | 00004 | 1,850 | -50 | -2.63% | 1,900 | 1,900 | 1,850 | 2,898 | 5,406,200 | 29,664,613 | 54,880 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 250 | 800,000 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 65 | 107,250 | 19,977,223 | 32,962 |
| AMATA | 00007 | 4,200 | +100 | +2.44% | 4,000 | 4,200 | 4,000 | 1,006 | 4,123,200 | 10,497,598 | 44,090 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 401 | 1,293,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 23rd Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.38 | -1.25 | -0.32% | 381.77 | 384.71 | 381.77 | 4,891 | 13,870,500 | 8 | 723,125 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:00 am, 24th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 816 (Shares) | 3,491,400 (MMK) |

| MYANPIX | 380.51 ▼ 2.87 |
|---|---|
| Total Volume (shares) | 816 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,714 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▼ 200 |
| MAEX | 00008 | 3,250 | ▲ 0 |